## ဆရာဦးဝင်းဖေ၏ အမှာ

လူငယ်ရုပ်ရှင်ဒါရိုက်တာ ကိုဏကြီးက သူ ရိုက်တဲ့ "မိ" ရုပ်ရှင်ကား ဇာတ်ညွှန်းကို စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေမှာမို့ အမှာစာရေးပေးပါလို့ ဝင်းဖေကို အကူအညီတောင်းပါတယ်။

"မိ"ရုပ်ရှင်ကားကို ဝင်းဖေ ကြည့်ဖူးပါတယ်။ ရှားပါးပြီး သီးသန့်ထူးခြားတဲ့ မြန်မာရုပ်ရှင်ကားတစ်ကား ဖြစ်ပါတယ်။ ဒါကြောင့် ရုပ်ရှင်ကားကောင်းတစ်ကားရဲ့ ဇာတ်ညွှန်းကို စာအုပ်အဖြစ် ထုတ်ဝေမယ်ဆိုတဲ့ အစီအစဉ်ကို ဝင်းဖေက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအားပေးပါတယ်။

"မိ"ဇာတ်ကားကို ကိုဏကြီး ရိုက်ကူးခဲ့ရာမှာ တတ်နိုင်သမျှ လွတ်လွတ်လပ်လပ် တွေးတောခံစားခဲ့တယ်။ တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့်တွေးခေါ်ခဲ့တယ်။ သတ္တိရှိရှိ ရဲရဲရင့်ရင့် ဆုံးဖြတ်ရိုက်ကူးခဲ့တယ်။ သူ့လုပ်ရပ်အပေါ် တတ်နိုင်သမျှ ရိုးသားဖြောင့်မှန်ခဲ့တယ်လို့ ဝင်းဖေ ခံစားရပါတယ်။

အခု ပြောခဲ့တဲ့ "မိ"ရုပ်ရှင်ဇာတ်ကားရဲ့ နာမ်အလှ၊ လိပ်ပြာအလှ၊ စိတ်တန်ဖိုးတွေကို လေ့လာခွင့်ရစေနိုင်မယ့် "မိ" ရုပ်ရှင်ဇာတ်ညွှန်း ပုံနှိပ်ထုတ်ဝေမှုကို အားပါးတရ ကြိုဆိုလိုက်ရခြင်း ဖြစ်ပါတယ်။

မြန်မာရုပ်ရှင်ဇာတ်ညွှန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဒီစာအုပ်က အများကြီး အထောက်အပံ့ ဖြစ်စေလိမ့်မယ်လို့ ဝင်းဖေ ယုံကြည်ပါတယ်။ ကိုဏကြီးကို ကျေးဇူးတင်ပါတယ်။

**ဝင်းဖေ**
**၀၈-၀၃-၁၉**

■

## preface

ဆရာမကြီး ကြည်အေးရဲ့ 'မိ' ဝတ္ထုကို ဇာတ်ညွှန်းအဖြစ် ပြန်ရေးရတာဟာ ကျွန်တော့်အတွက် အတော်လေး ခက်ခဲခဲ့ပါတယ်။ ဆရာမကြီး ကြည်အေးက ပတ်ဝန်းကျင် အဖွဲ့အနွဲ့၊ အချိန်အခါ အဖွဲ့အနွဲ့တွေကို ရေးတာ အတော်လေးနည်းပါတယ်။ 'မိ' ဆိုတဲ့ အမျိုးသမီးတစ်ယောက်အကြောင်းကို သူနဲ့ပတ်သက်ခဲ့ဖူးတဲ့၊ ပတ်သက်နေတဲ့ ယောက်ျားတွေကနေ တစ်ဆင့်ပဲ ပြောခဲ့ပါတယ်။ အဲဒီယောက်ျားတွေရဲ့ အတွေး၊ ထင်မြင်ချက်နဲ့ ပုဂ္ဂလိက ခံစားချက်များ သက်သက်ကနေပဲ 'မိ'ကို ကျွန်တော်တို့ ထိတွေ့ခွင့်ရခဲ့ပါတယ်။

'မိ' ဆိုတာ ဘယ်လိုအမျိုးသမီးလဲ။ 'မိ' ရဲ့ စိတ်အနေအထားက ဘယ်လိုလဲ။ 'မိ'ရဲ့ စိတ်အနာက ဘာလဲ။ 'မိ' တကယ် ခံစားခဲ့တာလား။ 'မိ' တကယ် နောင်တရခဲ့လား ဆိုတာတွေက ဖြစ်ကောင်းဖြစ်နိုင်ပါတယ်ဆိုတဲ့ မသေချာမှုထဲမှာပဲ ရှိပါတယ်။ 'မိ' ရဲ့တကယ့်ပုံ (ဇာတ်လမ်း)ကို အသေအချာ အတိအကျသိဖို့ မဖြစ်နိုင်ပါဘူး။ ဒီလိုနဲ့ ဆရာမကြီး ကြည်အေးက ကျွန်တော်တို့ (စာဖတ်သူတွေ) ကို ကိုယ်ပိုင် 'မိ' လေးတွေ ဖန်တီးခွင့်ပေးခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် တချို့အချက်အလက်တွေကို ကျွန်တော်တို့ (စာဖတ်သူတွေ) ရဲ့ စဉ်းစားဆင်ခြင် ဆုံးဖြတ်ပိုင်ခွင့်ထဲမှာပဲ ထားခဲ့ပါတယ်။ ဥပမာ သော်ဆွေနဲ့ 'မိ' ဘားက အပြန် ရန်ဖြစ်ကြတဲ့ အခန်းမှာ မိက 'မိ တစ်ခါကနေ နှစ်ခါ အနှုပ်မခံဘူး။ သူတို့ ဒုက္ခရောက်ရုံ မိ လုပ်တယ်' လို့ သူ့အနားက ယောက်ျားတွေကို သူ သဘောထားပုံကို ပြောခဲ့ပါတယ်။ ဒါပေမဲ့ ရွှေဓားမြှောင်က သော်ဆွေ့ကို 'မိ'က သူ့ရဲ့လူမသိတဲ့ မယားလို့ ပြောခဲ့ပြန်တယ်။ ဒီမှာ မိကို ယုံမလား၊ ရွှေဓားမြှောင်ကို ယုံမလားဆိုတာ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ပါပဲ။ (နှစ်ယောက်စလုံးက ယုံရ ခက်ပါတယ်။) ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်'မိ' ဟာ ဘယ်လောက်ထိ ဆိုးတယ်ဆိုတာ ကျွန်တော်တို့ကိုယ်တိုင်ပဲ ဆုံးဖြတ်သတ်မှတ်ထားလို့ ရပါတယ်။ မဆုံးဖြတ်လည်း ရပါတယ်။

ရုပ်ရှင်မှာလည်း ကျွန်တော် ဒီအတိုင်း ထားချင်ပါတယ်။ ဒါက ကျွန်တော်ရဲ့ အကြီးဆုံး Challenge ပါ။ ရုပ်ရှင်ဇာတ်ညွှန်း တော်တော်များများက ကြည့်ရှုသူကို (အားလုံးသိနေတဲ့ တတိယလူ) နေရာမှာ ထားပြီးရေးလေ့ ရှိပါတယ်။ Film Genre တိုင်းနီးပါးအတွက် ဒီ တင်ပြပုံ (ရေးနည်း) က အသုံးဝင်ပါတယ်။ ဒီတင်ပြပုံက ကိုယ် ပြချင်တာ (သိစေချင်တာ) ကို Charactor နောက်ကို လိုက်ပြီး ဖြစ်စေ၊ Location ကို လိုက်ပြီးဖြစ်စေ၊ Situation ကို လိုက်ပြီးဖြစ်စေ အလွယ်တကူ ပြလို့ ရပါတယ်။ 'မိ' အတွက်တော့ ကျွန်တော် ဒီတင်ပြပုံကို သုံးလို့ မရပါဘူး။ ဇာတ်လမ်းထဲမှာပါတဲ့ ယောက်ျား Charactor တွေရဲ့ Point of View ကိုပဲ လိုက်ရပါတယ်။ အဓိကကတော့ သော်ဆွေရဲ့ Point of View ပါ။ ဒါမှသာ ကြည့်ရှုသူ (ပရိသတ်) က သော်ဆွေ သိသလောက်သာ လိုက်သိခွင့်ရမှာပါ။ ဒီမှာ ကျွန်တော့်အတွက် ပိုခက်ခဲလာပါတယ်။ ဝတ္ထုထဲမှာ သော်ဆွေ့ရဲ့ Monologue အတွေးပြောတွေကို ရေးပြလို့ ရပါတယ်။ ရုပ်ရှင်မှာက သော်ဆွေ ထိုင်တွေးနေတာကိုပဲ ရိုက်ပြလို့ မရပါဘူး။ ဥပမာ 'မိက ကဓားမျိုးနဲ့လည်း တတ်တယ်' ဆိုတာအတွက် ဘာကို ပြမလဲ။ နောက် 'မိက တွေ့ရာလူကို ဆွဲကာနေ့ည မရှောင် သွားချင်ရာသွား၏။ ကျွန်တော်က မလျှော့ဘဲ မိ အန္တရာယ်တွေကို ဖယ်ပစ်၏။ လက်သီးကို မကြာခဏ အသုံးချရ၏' လို့ ဆရာမကြီး သုံးကြောင်းပဲ ရေးပါတယ်။ အရုပ်အတွက် ကျွန်တော် (၄) Scenes ရိုက်ရပါတယ်။ Location (၃) ခု ခွဲရပါတယ်။ ကြက်ဥအနှစ်တွေကို အကြောင်းမဲ့ ဖောက်ပြစ်တတ်တဲ့ မိ၊ လိမ္မော်သီး စားရင်းစီးကရက်သောက်တတ်တဲ့ မိ၊ ဆုဖလားတစ်ခုကို ဆေးလိပ်ပြာခွက်အဖြစ် သုံးတတ်တဲ့ မိ၊ Whisky ခွက်ထဲ ဆေးလိပ်တိုတွေ ပြစ်ချတတ်တဲ့ မိက ဆရာမကြီး ကြည်အေးရဲ့ အစွန်းနှစ်ဖက်မှာနေတဲ့ မိ၊ လောကကို ရွံ့နေတဲ့ မိကို ပုံဖော်ခဲ့တဲ့ ကျွန်တော့်ရဲ့ အရုပ် (Image) တွေပါ။

ဝတ္ထုသဘောနဲ့ ဇာတ်ညွှန်းသဘော (Structure) က ကွဲပြားပါတယ်။ ဝတ္ထုကနေ ဇာတ်ညွှန်းဖြစ်ဖို့ (Story Development, Charactor Development) အတော်များများကို ဖြတ်သန်းရပါတယ်။ ဇာတ်ညွှန်း ဖြစ်သွားပြီဆိုရင်တောင် ဇာတ်ညွှန်းနဲ့ ရုပ်ရှင်ကြားမှာကို On Scene Development တွေ ထပ်ရှိတတ်ပါတယ်။ ဒါကြောင့် ဝတ္ထုနဲ့ ရုပ်ရှင်ဆိုရင်တော့ ဘယ်လောက်တူတယ်ပြောပြော ကွဲပြားမှုတွေကို ထင်ထင်ရှားရှား တွေ့ရမှာပါ။ ထပ်တူကျအောင် ကျွန်တော် ကြိုးစားခဲ့တာကတော့ ဝတ္ထုရဲ့ မူလဆိုလိုရင်းနဲ့ ဝတ္ထုကပေးတဲ့ ခံစားမှုပါ။ ဝတ္ထုကနေ ဇာတ်ညွှန်း၊ ဇာတ်ညွှန်းကနေ ရုပ်ရှင်အဖြစ်ကို ပြောင်းလဲလာခဲ့ပုံက ကျွန်တော် ကိုယ်တိုင်အတွက် စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဒါကြောင့် ကျွန်တော့် ဇာတ်ညွှန်းမှာ နဂိုမူရင်းပါပြီးသား (Final Cut မှာဖြတ်ခဲ့ရတဲ့) Deleted Scenes တွေကိုပါ မဖြတ်ဘဲ ပြန်ထည့်ခဲ့ပါတယ်။ 'မိ' ဇာတ်ညွှန်းကို လေ့လာချင်သူများအတွက် တစ်စုံတစ်ရာ ရသွားဖို့က ကျွန်တော့်ရဲ့ ရည်ရွယ်ရင်းပါ။

**ဏကြီး**

■